စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

# ကွမ်းသီး

## ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## အမှတ်စဉ် (၀၀၂၁)

(HS-Code 080280)

Fresh or dried areca nuts, in shell









December 2021

# ဈေးကွက်အလားအလာလေ့လာချက်

## (ITC MARKET SCAN)

## PRODUCT : 080280 Fresh or dried areca nuts, in shell

(HS-Code 080280)

Fresh or dried areca nuts, in shell


ကမ္ဘာ့ထိပ်တန်းဝယ်ယူသောနိုင်ငံများနှင့် မြန်မာ့ပို့ကုန်နှိုင်းယှဉ် လေ့လာချက်

၂၀၂၀ ခုနှစ်၌ ကမ္ဘာ့အများဆုံးတင်သွင်းသော(၁၀) နိုင်ငံ

Fig 1: Top 10 World importers in 2020

| No | Importers | Value Imported in 2020 (US$,000) | Quantity Imported in 2020 (Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | Iran, Islamic Republic of | 243877 | 198698 | 1227 | 49 |
| 2 | India | 75453 | 25485 | 2961 | 15.2 |
| 3 | Bangladesh | 54123 | 34971 | 1548 | 10.9 |
| 4 | Singapore | 30736 | 20379 | 1508 | 6.2 |
| 5 | Thailand | 28899 | 26462 | 1092 | 5.8 |
| 6 | Afghanistan | 22688 | 15594 | 1455 | 4.6 |
| 7 | United Arab Emirates | 16655 | 12468 | 1336 | 3.3 |
| 8 | Nepal | 4511 | 3708 | 1217 | 0.9 |
| 9 | China | 4413 | 4054 | 1089 | 0.9 |
| 10 | Maldives | 3708 | 934 | 3970 | 0.7 |
| | other | 12903 | 5493 | -15973 | 2.5 |
| | World Total | 497966 | 348246 | 1430 | 100 |

Source : ITC TradeMap


Top 10 World Importers In 2020
300000
250000
200000
150000
100000
50000
0
Iran, Islamic Republic of
India
Bangladesh
Singapore
Thailand
Afghanistan
United Arab Emirates
Nepal
China
Maldives
other
Value imported in 2020 (USD thousand)
Quantity imported in 2020


List of importing countries for the selected product in 2020
Product : 080280 Fresh or dried areca nuts, whether or not shelled or peeled
Greenland
Canada
United States of America
Mexico
Cuba
Peru
Brazil
Bolivia
Chile
Norway
Russian Federation
Ukraine
Kazakhstan
Mongolia
Spain
Italy
Turkey
China
Iraq
Pakistan
India
Algeria
Egypt
Mali
Niger
Chad
Sudan
Nigeria
Ethiopia
Angola
Australia
Imported value, USD thousand
N.A.
0 - 2,439 USD thousand
2,439 - 12,194 USD thousand
12,194 - 24,388 USD thousand
24,388 - 48,775 USD thousand
48,775 - 121,938 USD thousand
> 121,938 USD thousand

၁။ ၂၀၂၀ခုနှစ်တွင် (HS.Code–080280) ကွမ်းသီးအား အများဆုံး တင်သွင်းခဲ့သော ကမ္ဘာ့ထိပ်တန်း၁၀နိုင်ငံမှာ အီရန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ထိုင်း၊ အာဖဂန်နစ္စတန်၊ ယူအေအီး၊ နီပေါ၊ တရုတ်၊ မော်လ်ဒိုက်တို့ဖြစ်ကြသည်ကို ITC Trade Map အရသိရှိရသည်။ အီရန်၏ ၂၀၂၀ ခုနှစ် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာကန်ဒေါ်လာ ၂၄၃ ဒသမ ၈၇၇ သန်းရှိပြီး ကမ္ဘာ့ကွမ်းသီးဈေးကွက်၏ ဈေးကွက်ဝေစု ၄၉ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် အိန္ဒိယက သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၇၅ ဒသမ ၄၅၃ သန်းဖိုး တင်သွင်း၍ ဈေးကွက်ဝေစု ၁၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဘင်္ဂလားဒေ့ရှ်က ကန်ဒေါ်လာ ၅၄ ဒသမ ၁၂၃ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၁၀ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။ အလားတူ စင်ကာပူ၊ ထိုင်း၊ အာဖဂန်နစ္စတန်၊ ယူအေအီး၊ နီပေါ၊ တရုတ်၊ မော်လ်ဒိုက်တို့က အစဉ်လိုက်ရပ်တည်လျက်ရှိကြသည်။ ကမ္ဘာ့ကွမ်းသီးတင်သွင်းသည့်နိုင်ငံပေါင်း (၆၃) နိုင်ငံရှိပြီး ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံ၏ တစ်တန်ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် မော်လ်ဒိုက်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး အိန္ဒိယက ဒုတိယ၊ ဘင်္ဂလားဒေ့ရှ်က တတိယ၊ စင်ကာပူက စတုတ္ထနှင့် အာဖဂန်နစ္စတန်က ပဉ္စမတို့ ဖြစ်ကြသည်။

**မြန်မာ့ ကွမ်းသီး တင်ပို့သည့် ထိပ်တန်း (၁၄) နိုင်ငံ (၂၀၂၀)**

**Fig 2: Top 14 Importers of Myanmar in 2020**

| No | Importer Countries | Value Imported in 2020(US$,000) | Market Share % | Quantity Imported in 2020 (Tons) | Unit Value $ /Ton |
|---|---|---|---|---|---|
| 1 | India | 106742 | 95.6 | 64764 | 1648 |
| 2 | China | 3828 | 3.4 | 3848 | 995 |
| 3 | Saudi Arabia | 333 | 0.3 | 444 | 750 |
| 4 | Bangladesh | 260 | 0.2 | 423 | 615 |
| 5 | Singapore | 221 | 0.2 | 331 | 668 |
| 6 | United Arab Emirates | 107 | 0.1 | 78 | 1372 |
| 7 | Malaysia | 66 | 0.1 | 75 | 880 |
| 8 | Maldives | 43 | 0 | 18 | 2389 |
| 9 | United States of America | 36 | 0 | 47 | 766 |
| 10 | United Kingdom | 22 | 0 | 25 | 880 |
| 11 | Jordan | 11 | 0 | 3 | 3667 |
| 12 | Australia | 10 | 0 | 20 | 500 |
| 13 | Italy | 2 | 0 | 2 | 1000 |
| 14 | Canada | 1 | 0 | 3 | 333 |

Source : ITC TradeMap

၂။ ၂၀၂၀ ခုနှစ်တွင် မြန်မာ့ကွမ်းသီးအား အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံမှာ ITC Trade Map အရ အိန္ဒိယ၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ယူအေအီး၊ မလေးရှား၊ မော်လ်ဒိုက်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျော်ဒန်၊ ဩစတေးလျ၊ အီတလီ၊ ကနေဒါတို့ဖြစ်ကြသည်။

**၂၀၁၆ခုနှစ်မှ ၂၀၂၀ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကွမ်းသီး တင်ပို့မှု**

၃။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ၅ နှစ်တာ ကာလအတွင်း ကွမ်းသီး တင်ပို့မှုပမာဏနှင့် တန်ဖိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၆ ခုနှစ်မှ ၂၀၂၀ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ကွမ်းသီးတင်ပို့မှု တန်ဖိုးနှင့်အဆင့်နေရာပြဇယား**

**Fig 3: List of exporters for the selected product**
Product: **080280 Fresh or dried areca nuts, in shell**

Unit : US Dollar thousand

| NO | Exporters | Exported value in 2016 | Exported value in 2017 | Exported value in 2018 | Exported value in 2019 | Exported value in 2020 |
|---|---|---|---|---|---|---|
| 1 | Indonesia | 277786 | 330273 | 311442 | 302005 | 256518 |
| 2 | Myanmar | 50097 | 32996 | 119672 | 113625 | 111681 |
| 3 | Thailand | 35498 | 34745 | 67895 | 66843 | 74069 |
| 4 | Sri Lanka | 33972 | 38165 | | 21411 | 49530 |
| 5 | Singapore | 12862 | 13186 | 12344 | 23252 | 30415 |
| 6 | India | 22410 | 10401 | 8848 | 9006 | 10310 |
| 7 | Viet Nam | 7855 | 19704 | 10206 | 5165 | 7578 |
| 8 | Malaysia | 3799 | 1718 | 3860 | 2513 | 2290 |
| 9 | China | 82 | 65 | 101 | 64 | 226 |
| 10 | Hong Kong, China | 0 | 117 | 334 | 332 | 202 |
| | Other | 2451 | 2510 | 51037 | 19522 | 576 |
| | World Tatal | 446812 | 483880 | 585739 | 563738 | 543395 |

Source: ITC Trade Map

**မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၂) တွင်ရှိပါသည်။**

## ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်ထိ ၅ နှစ်တာကာလအတွင်း ကမ္ဘာ့ကွမ်းသီး တင်ပို့မှုပမာဏနှင့်အဆင့်နေရာပြဇယား

**Fig 4: List of exporters for the selected product**

Product: 080280 Fresh or dried areca nuts, in shell

| No | Exporters | 2016 Exported quantity, Tons | 2017 Exported quantity, Tons | 2018 Exported quantity, Tons | 2019 Exported quantity, Tons | 2020 Exported quantity, Tons |
|---|---|---|---|---|---|---|
| 1 | Indonesia | 219127 | 227874 | 258364 | 252658 | 205200 |
| 2 | Myanmar | 23203 | 41690 | 43000 | 47317 | 70080 |
| 3 | Thailand | 21400 | 24775 | 47692 | 39349 | 48588 |
| 4 | Singapore | 7729 | 8099 | 8157 | 16439 | 20185 |
| 5 | Sri Lanka | 13468 | 10822 | | 6134 | 13711 |
| 6 | India | 10349 | 4047 | 2240 | 2268 | 2519 |
| 7 | Malaysia | 3885 | 1497 | 2813 | 2000 | 1630 |
| 8 | Viet Nam | 4612 | 13473 | 6978 | 2943 | 1331 |
| 9 | Hong Kong, China | 0 | 27 | 105 | 118 | 152 |
| 10 | Taipei, Chinese | 170 | 29 | 114 | 101 | 98 |
| | other | 665 | 536 | 18546 | 2296 | 153 |
| | World Total | 304608 | 332869 | 388009 | 371623 | 363647 |

Source: ITC Trade Map

**မူရင်းဇယားတွင် မြန်မာနိုင်ငံသည် အဆင့် (၂) တွင်ရှိပါသည်။**

၄။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ကမ္ဘာ့ဈေးကွက်တွင် ကွမ်းသီးတင်ပို့သော နိုင်ငံ ၃၈ နိုင်ငံရှိပြီး မြန်မာနိုင်ငံသည် ပမာဏအားဖြင့် တင်ပို့မှုတွင် အဆင့် ၂ နှင့် တန်ဖိုးအားဖြင့်တင်ပို့မှုတွင်အဆင့် ၂ နေရာတွင်ရှိနေပါသည်။

## အာရှကွမ်းသီးတင်သွင်းသော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၀)

**Fig 5: Top 10 Asia Importers in 2020**

| No | Country | Value (in USD Thousand) | Quantity (in Tons) | Unit Value (USD/Unit) | Market Share % |
|---|---|---|---|---|---|
| 1 | Iran, Islamic Republic of | 243877 | 198698 | 1227 | 49 |
| 2 | India | 75453 | 25485 | 2961 | 15.2 |
| 3 | Bangladesh | 54123 | 34971 | 1548 | 10.9 |
| 4 | Singapore | 30736 | 20379 | 1508 | 6.2 |
| 5 | Thailand | 28899 | 26462 | 1092 | 5.8 |
| 6 | Afghanistan | 22688 | 15594 | 1455 | 4.6 |
| 7 | United Arab Emirates | 16655 | 12468 | 1336 | 3.3 |
| 8 | Nepal | 4511 | 3708 | 1217 | 0.9 |
| 9 | China | 4413 | 4054 | 1089 | 0.9 |
| 10 | Maldives | 3708 | 934 | 3970 | 0.7 |

Source : ITC TradeMap


၅။ ၂၀၂၀ ခုနှစ်တွင် ကွမ်းသီးကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံများမှာ အီရန်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ထိုင်း၊ အာဖဂန်နစ္စတန်၊ ယူအေအီး၊ နီပေါ၊ တရုတ်၊ မော်လ်ဒိုက် တို့ဖြစ်ကြသည်။ အီရန်နိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် သွင်းကုန်တန်ဖိုး ၂၄၃ ဒသမ ၈၇၇ သန်းဖိုးနှင့် အရေအတွက် ၁၉၈၆၉၈ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး အိန္ဒိယက ၇၅ ဒသမ ၄၅၃ သန်းဖိုးနှင့် အရေအတွက် ၂၅၄၈၅ တန်ဖြင့် ဒုတိယ အများဆုံး၊ ဘင်္ဂလားဒေ့ရှ်က ၅၄ ဒသမ ၁၂၃ သန်းဖိုးနှင့် အရေအတွက် ၃၄၉၇၁ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်းတွေ့ရသည်။ ထို့နောက် စင်ကာပူ၊ ထိုင်း၊ အာဖဂန်နစ္စတန်၊ ယူအေအီး၊ နီပေါ၊ တရုတ်၊ မော်လ်ဒိုက် တို့ကအစဉ်လိုက်ရှိကြသည်။

# ကမ္ဘာ့ကွမ်းသီးတင်ပို့သော ထိပ်တန်း (၁၀) နိုင်ငံ (၂၀၂၀)

Fig 6. Top 10 World exporters in 2020

| No | Exporter Countries | Value Exported in 2020(US$,000) | Quantity Exporte in 2020(Tons) | Unit Value $/Ton | Market Share % |
|---|---|---|---|---|---|
| 1 | Indonesia | 256518 | 205200 | 1250 | 29.4 |
| 2 | Myanmar | 111681 | 70080 | 1594 | 12.8 |
| 3 | Thailand | 74069 | 48588 | 1524 | 8.5 |
| 4 | Sri Lanka | 49530 | 13711 | 3612 | 5.7 |
| 5 | Singapore | 30415 | 20185 | 1507 | 3.5 |
| 6 | India | 10310 | 2519 | 4093 | 1.2 |
| 7 | Viet Nam | 7578 | 1331 | 5693 | 0.9 |
| 8 | Malaysia | 2290 | 1630 | 1405 | 0.3 |
| 9 | China | 226 | 82 | 2756 | 0 |
| 10 | Hong Kong, China | 202 | 152 | 1329 | 0 |

Source : ITC TradeMap






၆။ ၂၀၂၀ ခုနှစ်တွင် ကွမ်းသီး (**HS.Code–080280**) အား တင်ပို့ရောင်းချလျက်ရှိသော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ စင်ကာပူ၊ အိန္ဒိယ၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင် (တရုတ်) တို့ဖြစ်ကြသည်။ အင်ဒိုနီးရှားက ကန်ဒေါ်လာ ၂၅၆ ဒသမ ၅၁၈ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၉ ဒသမ ၄ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်ကိုတွေ့ရသည်။ ဒုတိယနေရာရှိ မြန်မာက ကန်ဒေါ်လာ ၁၁၁ ဒသမ ၆၈၁ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၁၂ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယနေရာရှိ ထိုင်းက ကန်ဒေါ်လာ ၇၄ ဒသမ ၀၆၉ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၈ ဒသမ ၅ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် သီရိလင်္ကာ၊ စင်ကာပူ၊ အိန္ဒိယ၊ ဗီယက်နမ်၊ မလေးရှား၊ တရုတ်၊ ဟောင်ကောင် (တရုတ်)တို့က အစဉ်လိုက်ရှိကြသည်။ ဈေးနှုန်းအနေဖြင့် ဗီယက်နမ်က ပထမ၊ အိန္ဒိယက ဒုတိယ၊ သီရိလင်္ကာက တတိယ၊ တရုတ်က စတုတ္ထနှင့် မြန်မာက ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ကွမ်းသီး တင်ပို့သောနိုင်ငံ (၂၆) နိုင်ငံရှိပြီး မြန်မာနိုင်ငံက အဆင့် (၂) နေရာတွင်ရှိသည်။

## EU နိုင်ငံများမှ ကွမ်းသီး တင်သွင်းမှု

၇။ ၂၀၂၀ ခုနှစ်တွင် ကွမ်းသီးအများဆုံး တင်သွင်းခဲ့သော EUထိပ်တန်း (၅) နိုင်ငံမှာ အင်္ဂလန်၊ နယ်သာလန်စ်၊ ပြင်သစ်၊ ဂျာမဏီ၊ အိုင်ယာလန် တို့ဖြစ်ကြပြီး ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ် (၅) နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ခုနှစ် (၂)နှစ်တာကာလအတွင်း တန်ဖိုးအားဖြင့် တင်သွင်းမှု ရာခိုင်နှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

**Fig 7. Top Five EU Importers with the Biggest Growth in value Between 2016 and 2020**

| No | Importers | Annual growth in value between 2016-2020 (%) | Annual growth in value between 2019-2020 (%) |
|---|---|---|---|
| 1 | United Kingdom | -3 | 44 |
| 2 | Netherlands | 105 | |
| 3 | France | -16 | 8 |
| 4 | Germany | 43 | 38 |
| 5 | Ireland | 17 | 100 |

source : ITC Trade Map

၈။ ကွမ်းသီးအများဆုံး တင်သွင်းသော EUထိပ်တန်း (၅) နိုင်ငံ၏ ၂၀၂၀ခုနှစ် အတွက် တင်သွင်းမှုပမာဏနှင့်တန်ဖိုး၊ တစ်တန်ဈေးနှုန်းနှင့် ဈေးကွက်ဝေစုအခြေအနေများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

**Fig 8. Top Five Fresh or dried areca nuts, in shell Importers of EU in 2020**

| N0 | Importers | Select your indicators | | | |
|---|---|---|---|---|---|
| | | **Value imported in 2020 (USD thousand)** | **Quantity imported in 2020** | **Unit value (USD/unit)** | **Share in world imports (%)** |
| | European Union (EU 28) Aggregation | 1237 | 344 | | 0.2 |
| 1 | United Kingdom | 902 | 300 | 3007 | 0.2 |
| 2 | Netherlands | 215 | 14 | 15357 | 0 |
| 3 | France | 55 | 19 | 2895 | 0 |
| 4 | Germany | 36 | 6 | 6000 | 0 |
| 5 | Ireland | 10 | 1 | 10000 | 0 |

source : ITC Trade Map

၉။ ၂၀၂၀ ခုနှစ်တွင် EU နိုင်ငံများအနေနှင့် ကွမ်းသီး တင်သွင်းမှုပမာဏသည် (၃၄၄) တန်ဖြစ်ပြီးတန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၂၃၇ သန်းရှိပါသည်။ ကမ္ဘာ့ဈေးကွက်၏ သုည ဒသမ ၂ ရာခိုင်နှုန်း ဈေးကွက်ဝေစုရယူထားပါသည်။

### Tariff Rate of Fresh or dried areca nuts , in shell

| Partenr | Tariff regime | Applied tariff (as reported) |
|---|---|---|
| India | MFN duties (Applied) | 1 |
| | Preferential tariff for Least Developed Countries | 0.4 |
| China | MFN duties (Applied) | 0.1 |
| | Preferential tariff for ASEAN countries | 0 |
| Singapore | MFN duties (Applied) | 0 |
| Nepal | MFN duties (Applied) | Rs. 45kg |
| Saudi Arabia | MFN duties (Applied) | 0.05 |
| Srilanka | MFN duties (Applied) | 0.15 |
| Afghanistan | General tariff | 0.25 |
| Bangladesh | MFN duties (Applied) | 0.25 |
| Thailand | MFN duties (Applied) | 40% or 33.50 Baht/kg Whichever is higher |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| | Preferential tariff for Least Developed Countries | 0 |
| Viet Nam | MFN duties (Applied) | 0.3 |
| | Preferential tariff for AANZFTA countries | 0 |
| | Preferential tariff for ASEAN countries | 0 |
| Iran | General tariff | 0.55 |
| United Kingdom | MFN duties (Applied) | 0 |
| Netherland | MFN duties (Applied) | 0 |
| France | MFN duties (Applied) | 0 |
| Germany | MFN duties (Applied) | 0 |
| Ireland | MFN duties (Applied) | 0 |

Source: Market Access Map

## သွင်းကုန်ခွန်လေ့လာချက်

၁၀။ အခွန်စည်းကြပ်မှုကို လေ့လာရာတွင် အိန္ဒိယက MFN duties ၁ ရာခိုင်နှုန်း၊ LDC Countries သည် ဒသမ ၄ ရာခိုင်နှုန်း၊ တရုတ်က MFN duties သည်ဒသမ ၁ ရာခိုင်နှုန်း ASEAN Countries သည် ရာခိုင်နှုန်း၊စင်ကာပူက MFN duties သည် ရာခိုင်နှုန်း၊ နီပေါက MFN duties တစ်ကီလိုဂရမ်ကို ရူပီး ၄၅ ရာခိုင်နှုန်း၊ ဆော်ဒီအာရေဗျက MFN duties သည် ဒသမ ဝ၅ ရာခိုင်နှုန်း၊ သီရိလင်္ကာက MFN duties သည် ဒသမ ၁၅ ရာခိုင်နှုန်း၊ အာဖဂန်နစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်က MFN duties သည် ဒသမ ၂၅ ရာခိုင်နှုန်း၊ ထိုင်းက MFN duties သည် ဒသမ ၄၀

ရာခိုင်နှုန်း သို့မဟုတ် တစ်ကီလိုဂရမ်ကို ၃၃ ဒသမ ၅၀ ဘတ်နှုန်းများရာကိုလည်းကောင်း၊ AANZFTA, ASEAN, LDC Countries တို့အတွက် သုညရာခိုင်နှုန်း၊ ဗီယက်နမ်က MFN duties သုညဒသမ ၃ ရာခိုင်နှုန်း၊ AANZFTA, ASEAN Countries သုညရာခိုင်နှုန်း၊ အီရန်က General taritf သုည ဒသမ ၅၅ ရာခိုင်နှုန်း၊ အင်္ဂလန်၊ နယ်သာလန်စ်၊ ပြင်သစ်၊ ဂျာမဏီ၊ အိုင်ယာလန်တို့က MFN duties သုညရာခိုင်နှုန်း သတ်မှတ်ထားကြောင်း လေ့လာ တွေ့ရှိရပါသည်။

## အလားအလာရှိသော ဈေးကွက်တစ်ခုစီလေ့လာချက်

### အိန္ဒိယဈေးကွက်

**Fig 9 : Top 3 world exporters to India in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Sri Lanka | 51779 | 68.6 | 13931 | 3717 |
| Indonesia | 15945 | 21.1 | 9385 | 1699 |
| Myanmar | 7730 | 10.2 | 2168 | 3565 |

Source : ITC Trade Map

### ဘင်္ဂလားဒေ့ရှ်ဈေးကွက်

**Fig 10: Top 5 world exporter to Bangladesh in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Thailand | 11419 | 21.1 | 6791 | 1681 |
| Indonesia | 10223 | 18.9 | 6885 | 1485 |
| Singapore | 3506 | 6.5 | 2205 | 1590 |
| Malaysia | 1619 | 3 | 990 | 1635 |
| Myanmar | 260 | 0.5 | 423 | 615 |

Source : ITC Trade Map

### တရုတ် ဈေးကွက်

**Fig 11: Top 3 world exporter to China in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Indonesia | 4009 | 90.8 | 3905 | 1027 |
| Taipei, Chinese | 403 | 9.1 | 147 | 2741 |
| Myanmar | 1 | 0 | 2 | 500 |

Source : ITC Trade Map

## ထိုင်းဈေးကွက်

Fig 12:  Top 3  world exporter to Thailand  in 2020

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Indonesia | 27901 | 96.5 | 25670 | 1087 |
| Viet Nam | 968 | 3.3 | 770 | 1257 |
| United States of America | 30 | 0.1 | 22 | 1364 |

Source : ITC TradeMap

## စင်ကာပူဈေးကွက်

Fig 13:  Top 10 world exporter to Singapore  in 2020

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Indonesia | 29770 | 96.9 | 19650 | 1515 |
| Thailand | 586 | 1.9 | 324 | 1809 |
| Malaysia | 140 | 0.5 | 26 | 5385 |
| Viet Nam | 133 | 0.4 | 91 | 1462 |
| Sri Lanka | 65 | 0.2 | 220 | 295 |
| India | 28 | 0.1 | 36 | 778 |
| Myanmar | 11 | 0 | 29 | 379 |
| Italy | 2 | 0 | 0 | |
| Turkey | 2 | 0 | 0 | |
| Saudi Arabia | 1 | 0 | 2 | 500 |

Source : ITC TradeMap

## မော်လ်ဒိုက် ဈေးကွက်

Fig 14:  Top 6 world exporter to Maldives  in 2020

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| India | 3256 | 87.8 | 672 | 4845 |
| Sri Lanka | 111 | 3 | 40 | 2775 |
| Indonesia | 78 | 2.1 | 74 | 1054 |
| Thailand | 44 | 1.2 | 18 | 2444 |
| Myanmar | 43 | 1.2 | 18 | 2389 |
| Pakistan | 10 | 0.3 | 1 | 10000 |

Source : ITC TradeMap

ဗီယက်နမ် ဈေးကွက်

**Fig 15: Top 2 world exporter to Viet Nam in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Thailand | 691 | 97.2 | 174 | 3971 |
| Indonesia | 20 | 2.8 | 5 | 4000 |

Source : ITC TradeMap

နီပေါ ဈေးကွက်

**Fig 16: Top 3 world exporter to Nepal in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Indonesia | 2192 | 48.6 | 1828 | 1199 |
| India | 55 | 1.2 | 16 | 3438 |
| Thailand | 36 | 0.8 | 18 | 2000 |

Source : ITC TradeMap

အီရန် ဈေးကွက်

**Fig 17: Top 4 world exporter to** Iran, Islamic Republic **in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Indonesia | 111587 | 45.8 | 91613 | 1218 |
| Singapore | 9763 | 4 | 7371 | 1325 |
| Thailand | 626 | 0.3 | 563 | 1112 |
| India | 4 | 0 | 3 | 1333 |

Source : ITC TradeMap

ဆော်ဒီအာရေဗျ ဈေးကွက်

**Fig 18: Top 6 world exporter to Saudi Arabia in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| United States of America | 947 | 65.1 | 95 | 9968 |
| Mexico | 248 | 17.1 | 23 | 10783 |
| Thailand | 141 | 9.7 | 80 | 1763 |
| Indonesia | 78 | 5.4 | 54 | 1444 |
| Myanmar | 29 | 2 | 18 | 1611 |
| India | 10 | 0.7 | 1 | 10000 |

Source : ITC TradeMap

**သီရိလင်္ကာ ဈေးကွက်**

**Fig 19: Top 2 world exporter to Sri Lanka in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Area Nes | 347 | 70.7 | 99 | 3505 |
| India | 143 | 29.1 | 36 | 3972 |

Source : ITC TradeMap

**အာဖဂန်နစ္စတန် ဈေးကွက်**

**Fig 20: Top 4 world exporter to Afghanistan in 2020**

| Country | Value(in USD Thousand) | Market Share % | Quantity (in Tons) | Unit Value $/Ton |
|---|---|---|---|---|
| Singapore | 5695 | 25.1 | 3372 | 1689 |
| Indonesia | 5504 | 24.3 | 3881 | 1418 |
| Thailand | 155 | 0.7 | 182 | 852 |
| India | 17 | 0.1 | 5 | 3400 |

Source : ITC TradeMap

## မြန်မာနိုင်ငံအတွက် အလားအလာအကောင်းဆုံး ဈေးကွက်များရွေးချယ်ခြင်း

၁၁။ ကမ္ဘာပေါ်တွင် ကွမ်းသီးအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများကို လေ့လာ ရာတွင် အီရန်သည် ကမ္ဘာ့ကွမ်းသီး အများဆုံးဝယ်ယူသော နိုင်ငံဖြစ်ပြီး၊ တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၄၉ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယအနေဖြင့် အိန္ဒိယက ဈေးကွက်ဝေစု ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်က ၁၀ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တတိယနေရာ တွင်တည်ရှိနေပါသည်။ မြန်မာနိုင်ငံ အနေဖြင့် ကွမ်းသီးအများဆုံး တင်ပို့လျက်ရှိသည့် နိုင်ငံများကို လေ့လာရာတွင် ITC Trade Map Data အရ အိန္ဒိယ၊ တရုတ်၊ ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ယူအေအီး၊ မလေးရှား၊ မော်လ်ဒိုက်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျော်ဒန်၊ ဩစတေးလျ၊ အီတလီ၊ ကနေဒါ(၁၄)နိုင်ငံသာ တင်ပို့ထားရှိကြောင်းတွေ့ရှိရပါသည်။ မြန်မာ့ကွမ်းသီးကို အများဆုံးဝယ်ယူသောနိုင်ငံမှာ အိန္ဒိယဖြစ်ပြီး၊ ဈေးကွက်ဝေစု ၉၅ ဒသမ ၆ ရာခိုင်နှုန်း၊ တရုတ်က ဒုတိယနေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၃ ဒသမ ၄ ရာခိုင်နှုန်း၊ ဆော်ဒီအာရေဗျက သုည ဒသမ ၃ ရာခိုင်နှုန်းဖြင့် တတိယနေရာရှိကြောင်း တွေ့ရှိရပါ သည်။

၁၂။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကွမ်းသီး ပို့ကုန် အဆင့် ၂ တွင် တည်ရှိကာ အိန္ဒိယနိုင်ငံသို့ တင်ပို့မှုမှာအဆင့် ၃ နေရာတွင်ရှိပြီး ဈေးကွက်ဝေစု ၁၀ ဒသမ ၂ ရာခိုင်နှုန်း ရရှိထားသည်။ အိန္ဒိယနိုင်ငံ၏ဈေးကွက်ဝေစုအများဆုံးကို သီရိလင်္ကာမှ ရရှိထားပြီး ၆၈ ဒသမ ၆ ရာခိုင်နှုန်းရှိပါသည်။

၁၃။ တရုတ်သို့ တင်ပို့မှုတွင် မြန်မာနိုင်ငံသည် အဆင့် ၃ နေရာတွင်ရှိပြီး တရုတ်နိုင်ငံ၏ ကွမ်းသီးဈေးကွက်ကို အင်ဒိုနီးရှားက ၉၀ ဒသမ ၈ ရာခိုင်နှုန်းနှင့် တိုင်ပေ(တရုတ်)က ၉ ဒသမ ၁ရာခိုင်နှုန်းတို့ဖြင့်ဈေးကွက်ဝေစုအများဆုံးရရှိထားသည်။ ဆော်ဒီအာရေဗျနိုင်ငံ သို့ တင်ပို့ရာတွင်မြန်မာနိုင်ငံသည် အဆင့် ၅ နေရာတွင်တည်ရှိပြီး ဆော်ဒီအာရေဗျနိုင်ငံ ၏ ကွမ်းသီးဈေးကွက်ကို အမေရိကန်က ၆၅ ဒသမ ၁ ရာခိုင်နှုန်းနှင့် မက္ကဆီကိုက ၁၇ ဒသမ ၁ ရာခိုင်နှုန်း ဈေးကွက်ဝေစုအများဆုံးရရှိထားပါသည်။

၁၄။ အာဖဂန်နစ္စတန်၊ နီပေါတို့သည် အာရှတွင်ကွမ်းသီးတင်သွင်းသော ထိပ်တန်း နိုင်ငံဖြစ်သည့်အပြင် ကမ္ဘာ့ဝယ်လိုအားနှင့် ထိပ်တန်းနိုင်ငံဖြစ်ခြင်း၊ ဗီယက်နမ်၊ သီရိလင်္ကာသည် အာရှနိုင်ငံဖြစ်ခြင်း၊ အခွန်နည်းခြင်း၊ ၂၀၁၉-၂၀၂၀ နှစ်နှစ်အတွင်း တင်သွင်းမှု ရာခိုင်နှုန်းမြင့်လာခြင်း၊ ယင်းနိုင်ငံများသို့ တင်သွင်းမှုတွင် မြန်မာမပါဝင်သေး ခြင်းတို့ကြောင့်လည်းကောင်း နိုင်ငံများသို့ ဈေးကွက်သစ်များ ထိုးဖောက်သင့်ပါသည်။

၁၅။ ကမ္ဘာ့ကွမ်းသီးအများဆုံး တင်သွင်းသော နိုင်ငံ(၁၀)နိုင်ငံထဲတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့သည် နယ်နိမိတ်ထိစပ်လျက်ရှိသော နိုင်ငံများဖြစ်ပြီး နယ်စပ်မှ တဆင့်ပို့ကုန်မြှင့်တင်ရေးအတွက် ကွမ်းသီးဈေးကွက် ထပ်မံ တိုးချဲ့သင့်ပါသည်။

၁၆။ အီရန်သည် မြန်မာမှအများဆုံးတင်ပို့နေသော (၁၀)နိုင်ငံ စာရင်းတွင်မပါဝင်သေး ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့ထိပ်တန်း ဝယ်ယူလျက်ရှိသော အီရန်နိုင်ငံအား ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးပြင်ဆင်သင့်ကြောင်း သုံးသပ်ရပါသည်။

၁၇။ မော်လ်ဒိုက်နိုင်ငံသည် ကွမ်းသီးဝယ်ယူမှု အရေအတွက် နည်းပါးသော်လည်း ကမ္ဘာပေါ်တွင် ဈေးအကောင်းဆုံးပေးဝယ်သော နိုင်ငံဖြစ်ပါသည်။ မော်လ်ဒိုက်နိုင်ငံသို့ ကွမ်းသီးတင်သွင်း နေသော နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံသည် အဆင့်နံပါတ် (၅) တွင် တည်ရှိနေပါသည်။ အရည်အသွေးကောင်းသော ကုန်ပစ္စည်းများသာ တင်သွင်းနေသည်ဟုယူဆရပြီး အိန္ဒိယမှ အများ ဆုံးတင်သွင်းလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာ၏ အရည်အသွေးကောင်း ကွမ်းသီးများအား မော်လ်ဒိုက်သို့ ဆက်လက် တိုးချဲ့တင်ပို့နိုင်ရန် လိုအပ်ကြောင်း သုံးသပ်ရပါသည်။

၁၈။ အိန္ဒိယသည် ၂၀၁၆ ခုနှစ်တွင် ကန်ဒေါ်လာ ၂၂ သန်းကျော်ဖိုးနှင့် ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ ၁၀ သန်းကျော်တင်ပို့ခဲ့သည့် **Top 6 Exporter** အနေဖြင့် တွေ့ရှိရသည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် ပြည်ပနိုင်ငံမှ ကန်ဒေါ်လာ ၇၅ သန်းကျော်ဖိုး တင်သွင်း ထားသည်ကို လေ့လာတွေ့ရှိရသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး ကွမ်းသီးတင်သွင်းသောနိုင်ငံ ဖြစ်ပြီး ကမ္ဘာ့ဒုတိယအများဆုံး ဈေးကောင်းပေးဝယ်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာ့ကွမ်းသီးကို အများဆုံးဝယ်ယူသော နိုင်ငံဖြစ်ကြောင်း မြန်မာမှ တင်ပို့သော နိုင်ငံများစာရင်း

(Fig-2) အရသိရှိရပြီး အိန္ဒိယနိုင်ငံမှ တင်သွင်း သောနိုင်ငံများစာရင်း (Fig-9)တွင် မြန်မာသည် အိန္ဒိယသို့ တင်ပို့သော အဆင့် (၃) နေရာ တွင် တည်ရှိနေပါသည်။ မြန်မာမှအိန္ဒိယသို့ တင်ပို့သော စာရင်းမှာ (၆၄၇၆၄) တန်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ စာရင်းအရ (၂၁၆၈) တန်သာရှိကြောင်းတွေ့ရှိ ရပြီးတင်သွင်းသည့်ပမာဏ ကွာခြားလျက်ရှိကြောင်းတွေ့ရပြီး Illegal Trade ဖြစ်နိုင်သည်ဟု သုံးသပ်ရပါသည်။

၁၉။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပို့ကုန် ဒုတိယနေရာတွင် စာရင်းဝင်ပြီး အင်္ဂလန်သို့ တင်ပို့ မှုတွင် အဆင့် ၂၊ အိန္ဒိယ၊ တရုတ်၊ မလေးရှား၊ အမေရိကန် သို့တင်ပို့မှုတွင် အဆင့် ၃၊ ဆော်ဒီအာရေဗျ၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီး၊ မော်လ်ဒိုက် သို့တင်ပို့မှုတွင် အဆင့် ၅၊ စင်ကာပူ သို့တင်ပို့မှုတွင် အဆင့် (၇) နေရာများတွင် စာရင်းဝင်လျက်ရှိသည်။

၂၀။ ထူးခြားချက်အနေဖြင့် ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ တရုတ်တို့တွင်တွေ့ရှိရပါသည်။ ထိုင်း သည် ၂၀၁၆ ခုနှစ်တွင် ကန်ဒေါ်လာ ၃၅ သန်းကျော်ဖိုးနှင့် ၂၀၂၀ ခုနှစ်တွင် ကန်ဒေါ်လာ ၇၄ သန်း ကျော်ဖိုးတင်ပို့ခဲ့သည့် Top Exporter အနေဖြင့် တွေ့ရှိရသည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၂၈ သန်းကျော်ဖိုး တင်သွင်းထားသည်ကို လေ့လာတွေ့ရှိရသည်။

၂၁။ စင်ကာပူသည် ၂၀၁၆ ခုနှစ်တွင် ကန်ဒေါ်လာ ၁၂ သန်းကျော်ဖိုးနှင့် ၂၀၂၀ ခုနှစ် တွင် ကန်ဒေါ်လာ ၃၀ သန်းကျော်တင်ပို့ခဲ့သည့် Top 5 Exporter အနေဖြင့်တွေ့ရှိရ သည်။ သို့သော် ၂၀၂၀ ခုနှစ်တွင် ပြည်ပမှ ကန်ဒေါ်လာ ၃၀ သန်းကျော်ဖိုးတင်သွင်းထား သည်ကို လေ့လာတွေ့ရှိရသည်။

၂၂။ တရုတ်သည် ၂၀၁၆ ခုနှစ်တွင် သုည ဒသမ ၀၈ သန်းကျော်ဖိုးနှင့် ၂၀၂၀ ခုနှစ်တွင် သုည ဒသမ ၂ သန်းကျော်ဖိုး တင်ပို့ခဲ့ပြီး Top 9 Exporter အနေဖြင့်တွေ့ရှိရသည်။ သို့သော် ၂၀၂၀ ခုနှစ် တွင်ပြည်ပမှကန်ဒေါ်လာ ၄ သန်းကျော်တင်သွင်းသည်ကို လေ့လာ တွေ့ရှိရသည်။၂၀၂၀ ခုနှစ်တွင် ထိုင်း၊ စင်ကာပူ၊ အိန္ဒိယ၊ တရုတ်တို့သည် ပြည်တွင်း စားသုံးမှုအတွက် ပြည်ပမှ တင်သွင်းပြီး Re. Export ဆောင်ရွက်နေသည်ဟု သုံးသပ်ရ ပါသည်။

၂၃။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ကွမ်းသီးတင်ပို့သောနိုင်ငံ(၃၈) နိုင်ငံရှိပြီး မြန်မာသည် ဒုတိယနေရာတွင် တည်ရှိနေပါသည်။ ၂၀၂၀ ခုနှစ်တစ်ခုထဲကြည့်ရာတွင် ကွမ်းသီးတင်ပို့သော နိုင်ငံ (၂၆) နိုင်ငံသာရှိပြီး (၁၂) နိုင်ငံလျော့ကျနေကြောင်း တွေ့ရှိရ ပါသည်။ မြန်မာသည် ဒုတိယ နေရာတွင်တည်ရှိနေပါသည်။

၂၄။ ဥရောပနိုင်ငံများမှ ကွမ်းသီးတင်သွင်းမှုပမာဏ နည်းပါးလျက်ရှိကြောင်းတွေ့ရပြီး ကမ္ဘာ့ ထိပ်တန်း(၁၀)နိုင်ငံမှာ အာရှနိုင်ငံများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ဈေးကွက် ချဲ့ထွင်ရန်အတွက် အာရှနိုင်ငံများသည်သာ အသင့်တော်ဆုံးဖြစ် ကြောင်း တွေ့ရှိရပါသည်။

## ပြည်တွင်းဈေးကွက်အခြေအနေအားလေ့လာခြင်း

ဇယား-၂၁ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု (၂၀၁၉-၂၀၂၀)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စိုက်ဧရိယာ (ဧက) | ရိတ်သိမ်းဧရိယာ (ဧက) | အထွက်နှုန်း | အထွက် (ပိဿာ) | အထွက် (တန်) |
|---|---|---|---|---|---|---|
| ၁ | နေပြည်တော်ကောင်စီနယ်မြေ | ၂ | - | - | - | - |
| ၂ | ကချင်ပြည်နယ် | ၁၀၆၈ | ၇၀၆ | ၆၉၆.၀၆ | ၄၉၁၄၁၆ | ၈၀၂.၃၁၂ |
| ၃ | ကယားပြည်နယ် | ၁၂၅ | ၁၀၇ | ၄၁၂.၅၁ | ၄၄၁၃၉ | ၇၂.၀၆၄ |
| ၄ | ကရင်ပြည်နယ် | ၂၅၀၀၁ | ၂၃၉၅၂ | ၆၄၃.၈၀ | ၁၅၄၂၀၂၁၄ | ၂၅၁၇၅.၈၆၀ |
| ၅ | ချင်းပြည်နယ် | ၁၄ | ၁၄ | ၁၇၅.၀၀ | ၂၄၅၀ | ၄.၀၀၀ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅၃၁ | ၁၄၆၉ | ၃၄၄.၅၅ | ၅၀၆၁၃၉ | ၈၂၆.၃၅၀ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၁၃၄၀၁၉ | ၈၇၁၅၀ | ၅၄၉.၆၉ | ၄၇၉၀၅၃၆၂ | ၇၈၂၁၂.၈၃၆ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၂၅၇၉ | ၂၅၆၂ | ၆၅၃.၆၆ | ၁၆၇၄၆၈၁ | ၂၇၃၄.၁၇၃ |
| ၉ | မကွေးတိုင်းဒေသကြီး | - | - | - | - | - |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၁၇၇၀ | ၁၇၇၀ | ၃၇၄.၉၇ | ၆၆၃၆၉၀ | ၁၀၈၃.၅၇၆ |
| ၁၁ | မွန်ပြည်နယ် | ၅၆၂၆၁ | ၄၉၈၂၉ | ၁၀၇၈.၇၂ | ၅၃၇၅၁၇၀၈ | ၈၇၇၅၇.၈၉၁ |
| ၁၂ | ရခိုင်ပြည်နယ် | ၆၆၅၉ | ၆၄၈၄ | ၉၇၁.၂၃ | ၆၂၉၇၄၇၂ | ၁၀၂၈၁.၅၈၇ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၆၀၅ | ၆၀၅ | ၄၇၄.၆၉ | ၂၈၇၃၅၀ | ၄၆၉.၁၄၃ |
| ၁၄ | ရှမ်းပြည်နယ် | ၁၃၅ | ၁၂၂ | ၃၆၀.၄၆ | ၄၃၉၇၆ | ၇၁.၇၉၈ |
|  | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၁၆ | ၁၀၈ | ၃၅၉.၀၈ | ၃၈၇၈၁ | ၆၃.၃၁၆ |
|  | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၁၄ | ၉ | ၅၄၃.၃၃ | ၄၈၉၀ | ၇.၉၈၄ |
|  | ရှမ်းပြည်နယ် (အရှေ့ပိုင်း) | ၅ | ၅ | ၆၁.၀၀ | ၃၀၅ | ၀.၄၉၈ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၂၁၉၃၃ | ၁၇၁၁၂ | ၇၅၂.၄၆ | ၁၂၈၇၆၁၇၇ | ၂၁၀၂၂.၃၃၀ |
|  | **ပြည်ထောင်စုချုပ်** | **၂၅၁၈၃၇** | **၁၉၂၀၀၄** | **၈၄၅၁.၄၈** | **၁၄၀၀၀၈၇၅၀** | **၂၂၈၅၈၅.၇၁၄** |

Soure-စိုက်ပျိုးရေးဦးစီးဌာန

မှတ်ချက်။ ၁တန်=၆၁၂.၅၀ပိဿာဖြင့်တွက်ချက်ထားပါသည်။

## ပြည်တွင်းကွမ်းသီးဈေးကွက် (၂၀၁၉-၂၀၂၀)

၂၅။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံပြည်တွင်း ကွမ်းသီးထွက်ရှိခဲ့သော ပြည်နယ်နှင့်တိုင်းများမှာ နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ကြသည်ကို စိုက်ပျိုးရေးဦးစီးဌာနမှပေးပို့သော စာရင်းအရ သိရှိရပါသည်။ ကွမ်းသီးအများဆုံးထွက်ရှိရာပြည်နယ်နှင့် တိုင်းများမှာ မွန်ပြည်နယ်သည် စိုက်ဧက ၅၆၂၆၁၊ ၁ ဧကအထွက်နှုန်း ၁၀၇၈ တန်ကျော်ဖြင့် စုစုပေါင်း ၈၇၇၅၇ တန်ကျော်အများဆုံးထွက်ရှိထားသည်။ ထို့နောက် တနင်္သာရီတိုင်းဒေသကြီးက စိုက်ဧက ၁၃၄၀၁၉၊ ၁ ဧကအထွက်နှုန်း ၅၄၉ တန်ကျော်နှင့် အရေအတွက် ၇၈၂၁၂ တန်ကျော်ဖြင့် ဒုတိယ အများဆုံး၊ ကရင်ပြည်နယ်က စိုက်ဧက ၂၅၀၀၁၊ ၁ ဧက အထွက်နှုန်း ၆၄၃ တန်ကျော်နှင့် အရေအတွက် ၂၅၁၇၅ တန်ကျော်ဖြင့် တတိယ အများဆုံး၊ ဧရာဝတီတိုင်းဒေသကြီးက စိုက်ဧက ၂၁၉၃၃၊ ၁ ဧကအထွက်နှုန်း ၇၅၂ တန်ကျော်နှင့် အရေအတွက် ၂၁၀၂၂ တန်ကျော်ဖြင့် စတုတ္ထ အများဆုံးထွက်ရှိကြောင်းတွေ့ရသည်။

မွန်ပြည်နယ်သည် တနင်္သာရီတိုင်းဒေသကြီးထက် စိုက်ဧကနည်းသော်လည်း ၁ ဧကအထွက်နှုန်း အများဆုံးဖြစ်သည့်အတွက် တန်ချိန် အများဆုံးထွက်ရှိသည့်ပြည်နယ်ဖြစ်သည်ကို လေ့လာတွေ့ရှိရ ပါသည်။

၂၀၂၀ ခုနှစ်အတွင်း ARECA NUTS (ကွမ်းသီး) ပြည်ပတင်ပို့မှု

၂၀၂၀ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ကွမ်းသီးတင်ပို့မှုပမာဏနှင့် တန်ဖိုးပြဇယား

ဇယား-၂၂ တန်ဖိုး-ကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | ရေတွက်ပုံ | အရေအတွက် | ကန်ဒေါ်လာ |
|---|---|---|---|---|
| ၁။ | အိန္ဒိယ | တန် | ၇၃၉၉၁.၆၁၀ | ၉၄.၁၈၈ |
| ၂။ | တရုတ် | တန် | ၂၃၉၁.၇၄၀ | ၂.၈၇၀ |
| ၃။ | မော်လ်ဒိုက် | တန် | ၁၈.၀၀၀ | ၀.၀၄၃ |
| ၄။ | ဘင်္ဂလားဒေ့ရှ် | တန် | ၆၀.၀၂၀ | ၀.၀၄၁ |
| ၅။ | ယူအေအီး | တန် | ၂၆.၀၄၀ | ၀.၀၂၅ |
| | | | ၇၆၄၈၇.၄၁၀ | ၉၇.၁၆၇ |

Source:http//trade data . Moc. Locol

၂၀၂၁ ခုနှစ်အတွင်း ARECA NUTS (ကွမ်းသီး) ပြည်ပတင်ပို့မှု

၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ကွမ်းသီးတင်ပို့မှုပမာဏနှင့် တန်ဖိုးပြဇယား

ဇယား-၂၃ တန်ဖိုး-ကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | ရေတွက်ပုံ | အရေအတွက် | ကန်ဒေါ်လာ |
|---|---|---|---|---|
| ၁။ | အိန္ဒိယ | တန် | ၉၈၆၄၈.၃၇၄ | ၁၁၇.၄၄၁ |
| ၂။ | တရုတ် | တန် | ၁၁၆၄.၉၈၉ | ၁.၁၀၁ |
| ၃။ | ဘင်္ဂလားဒေ့ရှ် | တန် | ၅၃.၇၅ | ၀.၀၄၃ |
| ၄။ | ထိုင်း | တန် | ၄၈.၀၀၇ | ၀.၀၂၆ |
| | | | ၉၉၉၁၅.၁၂၀ | ၁၁၈.၆၁၁ |

Source:http//trade data . Moc. Locol

## မြန်မာနိုင်ငံမှ ကွမ်းသီးတင်ပို့မှု (၂၀၂၀-၂၀၂၁)

၂၆။ ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကွမ်းသီးကို အိန္ဒိယ၊ တရုတ်၊ မော်လ်ဒိုက်၊ ဘင်္ဂလားဒေ့ရှ်၊ ယူအေအီးသို့ တင်ပို့ရောင်းချလျက်ရှိကြောင်းတွေ့ရှိရပြီး ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကွမ်းသီး အများဆုံးတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများမှာ အိန္ဒိယ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းတို့ ဖြစ်သည်ကို Trade data. Moc. Loca ၊ အရ သိရှိရပါသည်။ ၂၀၂၀ နှင့်၂၀၂၁ ဇယားများအရ မြန်မာနိုင်ငံမှ ကွမ်းသီးကို အိန္ဒိယသို့ အများဆုံးတင်ပို့ ရောင်းချသည်ကို တွေ့ရှိရပါသည်။ ဒုတိယ အများဆုံးမှာ တရုတ်ဖြစ်ပြီး တတိယအများဆုံးမှာ မော်လ်ဒိုက်ဖြစ်ပါသည်။ ၂၀၂၀ နှင့်၂၀၂၁ ဇယား များကိုနှိုင်းယှဉ်လေ့လာရာတွင် ၂၀၂၁ ခုနှစ်တွင် အိန္ဒိယသို့ တန်ချိန် ၂၄၆၅၆ တန်ကျော် ပိုမိုတင်ပို့ နိုင်သည်ကိုတွေ့ရှိရသည်။ ထို့နောက် တရုတ်သို့ တန်ချိန် ၁၂၂၆ တန်ကျော်၊ ဘင်္ဂလားဒေ့ရှ်သို့ တန်ချိန် ၆ တန်ကျော် လျော့နည်းတင်ပို့ထားသည်ကို တွေ့ရှိရသည်။ ၂၀၂၀ ခုနှစ်တွင် မော်လ်ဒိုက် သို့ ၁၈ တန်နှင့် ယူအေအီးသို့ ၂၆ တန်ကျော် တင်ပို့ထားပြီး ၂၀၂၁ ခုနှစ်တွင် မော်လ်ဒိုက်နှင့် ယူအေအီးသို့ မြန်မာကွမ်းသီးတင်ပို့ခြင်းမရှိဘဲ ထိုင်းသို့ ၄၈ တန်ကျော် တင်ပို့ထားသည်ကို လေ့လာတွေ့ရှိရပါသည်။